# ကြည်လင်ပြတ်သားစွာလေ့လာခြင်း ကောက်နုတ်ချက်များ
# ယောရှုစာစောင်၊ တရားသူကြီးများစာစောင်၊ ရုသစာစောင်

**အဓိကသော့ချက်များ**

ကျွန်ုပ်တို့သည် ခါနန်မြေမှာ ပုံဆောင်ချက်၌ နှစ်ဆသော ပုံဆောင်ချက်ရှိကြောင်း သိရန်လိုအပ်သည်။
အပေါင်းလက္ခဏာဘက်၌ ခါနန်သည် ကိုယ်တော်၏စစ်၍မကုန်နိုင်သော ကြွယ်ဝခြင်းများနှင့်အတူ
အရာအားလုံးပါဝင်သော ခရစ်တော်ကို ပုံဆောင်ပြီး၊
အနုတ်လက္ခဏာဘက်၌ ခါနန်သည် စာတန်ဆိုင်ရာ အင်အားစုများနှင့်အတူ စာတန်၏ မှောင်မိုက်နိုင်ငံ၏
ကောင်းကင်ဆိုင်ရာအပိုင်းကို ရည်ညွှန်းသည်။

ကျွန်ုပ်တို့က ဘုရားသခင်၏ တည်ဆောက်ခြင်းအတွက် ခရစ်တော်ကို အရာအားလုံးပါဝင်သောမြေအဖြစ် အပြည့်အဝ ရယူကာ
ပိုင်ဆိုင်ရန်အလို့ငှာ ကျွန်ုပ်တို့သည် သခင်ဘုရား၏ တိုက်ရိုက်ဖြစ်သော၊ အဦးဆုံးဖြစ်သော မျက်မှောက်တော်အားဖြင့်
စောင့်ထိန်းခြင်း၊ အုပ်စိုးခြင်း၊ စိုးစံခြင်းနှင့် လမ်းညွှန်ခြင်း ခံရရန် သင်ယူရမည်။
ကျွန်ုပ်တို့၌ သခင်ဘုရား၏မျက်မှောက်တော်ရှိသောအခါ ကျွန်ုပ်တို့သည် အရာများနှင့်စပ်လျဉ်း၍
ဉာဏ်ပညာ၊ ထိုးထွင်းအမြင်၊ မြော်မြင်မှုနှင့် အတွင်းပိုင်း သိကျွမ်းခြင်းတို့ ရရှိကြသည်။
သခင်ဘုရား၏မျက်မှောက်တော်သည် ကျွန်ုပ်တို့အဖို့ အရာခပ်သိမ်းဖြစ်သည်။

ကျွန်ုပ်တို့သည် တရားမဲ့ခြင်းမှလည်းကောင်း၊ တရားမဲ့ခြင်း၏ လုပ်ဆောင်သူများဖြစ်ခြင်းမှလည်းကောင်း
ကယ်နုတ်ခံရ၍၊ ဘုရားသခင်ကို အစေခံခြင်း အလေ့အလာကို နာခံခြင်းအားဖြင့်
ဘုရားသခင်၏အမြင်၌ မှန်သောအရာကို လုပ်ဆောင်ကာ၊
ဖန်ဆင်းခြင်းအဟောင်းရှိ စာတန်ဆိုင်ရာ ပရမ်းပတာဖြစ်ခြင်းကို အောင်နိုင်ပြီး၊
ဖန်ဆင်းခြင်းအသစ်အတွက် ဘုရားဆိုင်ရာစီမံကိန်းကို သယ်ဆောင်ရန် လိုအပ်သည်။

စံနှင့်ညီသောခရစ်ယာန်ဖြစ်ရန်၊ ယနေ့၏ အောင်မြင်သောသူများမှ တစ်ဦးဖြစ်ရန်၊ သခင်ဘုရား၏ လက်ရှိခေါ်သံကို အဖြေပေးရန်၊
ကိုယ်တော်၏ပြန်လည်ရယူခြင်း၌ ကိုယ်တော်၏ လက်ရှိ လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက်
ကျွန်ုပ်တို့သည် ယနေ့၏ ရုသများဖြစ်ကာ၊ ဘုရားသခင်၏စီမံကိန်းသို့ လှည့်ပြန်ရန်၊ မောခွေလ၏မြေထဲသို့ ဝင်ရောက်ရန်၊
မိမိတို့ကိုယ်ကို ခရစ်တော်ထံသို့ လက်ထပ်ထိမ်းမြားပြီး၊ ယနေ့ ဘုရားသခင်နှင့် လူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းခြင်းငှာ
ခရစ်တော်ကို မွေးဖွားနိုင်ရန် လိုအပ်သည်။

*© 2021 Living Stream Ministry*

## ယောရှုစာစောင်၊ တရားသူကြီးများစာစောင်နှင့် ရုသစာစောင်၏ ဝှက်ထားသော၊ ပင်ကိုမူလ ပုံဆောင်ချက်

1. ဓမ္မဟောင်းကျမ်းရှိ သမိုင်းကြောင်းများနှင့် ပရောဖက်ပြုချက်များကို လေ့လာရာ၌ ကျွန်ုပ်တို့သည် ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် ခရစ်တော်နှင့် အသင်းတော်အတွက် ဘုရားသခင်၏ ထာဝရစီမံကိန်းနှင့် စပ်လျဉ်း၍ ကျမ်းစာတစ်အုပ်လုံး၏ ပြည့်ဝသောအတိုင်းအတာ၊ ပြည့်ဝသော အမြင် ရှိဖို့လိုအပ်သည်။ ဤအရာက ပို၍ကျယ်ဝန်းသော အမြင်ကို ဖြစ်စေရုံသာမက၊ ဓမ္မဟောင်း၏ သမိုင်းကြောင်းများကို တင်ဆက်ပေးထားခြင်းနှင့် ပရောဖက်ပြုချက်များကို ပေးထားခြင်း၌ ဘုရားသခင့်အကြံအစည်တော်၏ နက်ရှိုင်းသော ပင်ကိုမူလပုံဆောင်ချက်ကိုလည်း ရရှိစေသည်။ ဓမ္မဟောင်းကျမ်း၏ သမိုင်းကြောင်းများ၊ ပရောဖက်ပြုချက်များအားလုံး၏ နယ်ပယ်၊ အလယ်ဗဟိုနှင့် ပင်ကိုမူလပုံဆောင်ချက်တို့မှာ ခရစ်တော်နှင့် သူ၏ကိုယ်ခန္ဓာတော်ဖြစ်ရမည်ဖြစ်ပြီး၊ ၎င်းသည် ဘုရားသခင်၏ ထာဝရစီမံကိန်း အတွက် ယေရုရှလင်မြို့သစ်၌ အဆုံးစွန် ပြီးမြောက်ပြည့်စုံလိမ့်မည်ဖြစ်သည်။

2. ဘုရားသခင်က ကိုယ်တော်၏ ထာဝရစီမံကိန်းကို ထိုသို့ ပြီးမြောက်ပြည့်စုံစေရန်အတွက် ကိုယ်တော်သည် ကောင်းကင်များကို မြေကြီးအတွက်၊ မြေကြီးကို လူအတွက် ဖန်ဆင်းရန်လိုအပ်ခဲ့သည် (ဇာ၊၁၂း၁)။ ဘုရားသခင်သည် လူကို ကိုယ်တော်၏ ပုံသဏ္ဍာန်တော်၌၊ ကိုယ်တော်နှင့် တစ်ညီတည်းဖြင့် ဝိညာဉ်ပါလျက် ဖန်ဆင်းခြင်းမှာ လူသည် ကိုယ်တော်ကို ဆက်သွယ်ရန်၊ ကိုယ်တော်ကို လက်ခံရယူရန်၊ ကိုယ်တော်ကို စောင့်ထိန်းရန်၊ ကိုယ်တော်ကို လူ၏ အသက်နှင့် ပါဝင်သောအရာအဖြစ် ယူဆောင်ရန် ဖြစ်သည်။ ဤလူသည် ဘုရားသခင်ထံမှလည်းကောင်း၊ ကိုယ်တော်၏ စီမံကိန်းအတွက်ဖြစ်သည့် ဘုရားသခင်၏ အကြံအစည်တော်မှလည်းကောင်း ကျဆင်းသွားခဲ့ခြင်းမှာ လွန်စွာ ဝမ်းနည်းဖွယ်ဖြစ်ပါသည်။ ထိုနောက် ကျဆင်းသောလူသားမျိုးနွယ်ထဲမှ ဘုရားသခင်သည် အာဗြဟံဟုခေါ်သော လူနှင့် သူ၏မျိုးဆက်ကို ရွေးချယ်ခဲ့ပြီး၊ သူတို့ကို လူမျိုးများအားလုံး (တစ်ပါးအမျိုးသားများ) အလယ်တွင် ကိုယ်တော်၏ ချစ်ဖွယ် ရွေးကောက်ခံများအဖြစ် အထူးဖြစ်သောလူများဖြစ်စေခဲ့သည်။ ထိုသို့ ကိုယ်တော်၏ ထာဝရစီမံကိန်း ပြီးပြည့်စုံခြင်းအတွက် အာဒံဆိုင်ရာ မျိုးဆက်ကို အစားထိုးမည့် ရွေးချယ်ခံတို့ကို ထုတ်လုပ်ရန်၊ စေ့စပ်ထုံးဖွဲ့ရန်၊ ပုံပေါ်လာစေရန် ဘုရားသခင်အဖို့နှစ်ပေါင်း လေးရာကျော်မျှ အချိန်ယူခဲ့သည်။ ဘုရားသခင်သည် ထိုသို့သော ရွေးကောက်ခံလူတို့ကို အီဂျစ်ပြည်၌လည်းကောင်း၊ ကန္တာရတော၌လည်းကောင်း စုံစမ်းနှောင့်ယှက်ခြင်းများ၊ ဒုက္ခဆင်းရဲခံခြင်းများမှတစ်ဆင့် ခေါ်ဆောင်ခဲ့ကာ၊ ယင်းမှာ သူတို့သည် ဤမြေကြီးပေါ် ခရစ်တော်အတွက် ကိုယ်တော်၏ကတိထားတော်မူသော မြေကို ရယူခြင်းနှင့် ခရစ်တော်ကို လူသားမျိုးနွယ်အထဲသို့ မွေးထုတ်ပေးမည့် သင့်လျော်မှန်ကန်သည့် လူပုဂ္ဂိုလ်များကို ပြင်ဆင်ခြင်း၌ ကိုယ်တော်နှင့်အတူ ညှိနှိုင်းလုပ်ဆောင်ရန် သင်တန်းပေးခြင်း၊ ကြပ်မတ်

ပေးခြင်းနှင့် အရည်အချင်းပြည့်မီစေခြင်း ခံရနိုင်ရန်ဖြစ်သည်။ ခရစ်တော်အတွက် ဘုရားသခင် ကတိပေးထားသောမြေကို ရယူပိုင်ဆိုင်ခြင်းနှင့် ခရစ်တော်ကို လူသားမျိုးဆက်အထဲသို့ မွေးထုတ်ခြင်းငှာ သင့်လျော်မှန်ကန်သည့်လူပုဂ္ဂိုလ်များကို ပြင်ဆင်ခြင်းတို့မှာ ယောရှုစာစောင်၊ တရားသူကြီးများစာစောင်၊ ရုသစာစောင်တို့တွင်ရှိသည့် ဓမ္မဟောင်းကျမ်းရှိ သမိုင်းကြောင်းအပိုင်းမှ အဓိကကျသော အချက်နှစ်ချက်ဖြစ်သည်။ ခရစ်တော်အတွက် မြေကို ရယူခြင်းနှင့် ခရစ်တော်အတွက် စစ်မှန်သော ဘိုးဘေးများကို ပြင်ဆင်ပေးခြင်းဟူသော အဓိကအချက်နှစ်ချက်မှာ ယောရှုစာစောင်မှ ရုသစာစောင်အထိ သမိုင်းကြောင်း၏ အနှစ်သာရဖြစ်သည်။ ၎င်းတို့သည် ဓမ္မဟောင်း သမိုင်းကြောင်း၏ ဤအပိုင်း၏ ဝှက်ထားသော၊ ပင်ကိုမူလပုံဆောင်ချက်ဖြစ်သည်။ ဤအရာနှင့်စပ်လျဉ်း၍ ကျွန်ုပ်တို့၌ ရှင်းလင်းသော ရုပ်ပုံရှိရမည်ဖြစ်သည်။ ထိုသို့မဟုတ်ပါက၊ ကျွန်ုပ်တို့က ဤစာစောင်သုံးစောင်ကို ကြည်လင်ပြတ်သားစွာ လေ့လာခြင်းသည် အချည်းနှီးသာဖြစ်ကာ၊ များစွာသော သမိုင်းပညာရှင်များ၊ ကျမ်းစာကျောင်းသားများ၊ ဂျူးလူမျိုး သို့မဟုတ် ခရစ်ယာန် ကျမ်းစာသွန်သင်သူများ အစရှိသောသူတို့၏ လေ့လာခြင်းကဲ့သို့သာ ဖြစ်ပေလိမ့်မည်။

3. သခင်ဘုရား၏ကရုဏာတော်အားဖြင့် ကျွန်ုပ်တို့သည် ထိုသို့သော ရုပ်ပုံကို မြင်မည်ဆိုလျှင် ဓမ္မဟောင်းကျမ်းရှိ သမိုင်း၏ ဤအပိုင်းသည် ဓမ္မသစ်ကျမ်းနည်းတူပင် ကျွန်ုပ်တို့ကို အကျိုးရှိစေလိမ့်မည်ဖြစ်သည်။ ထိုသို့သော ရုပ်ပုံက မြေကြီးပေါ် ဘုရားသခင့်လူများ၏ သမိုင်းကြောင်းသည် အမှန်မှာ ဓမ္မဟောင်းကျမ်းတွင် ကိုယ်တော်၏ရွေးချယ်ခံလူများအလယ်၌ အလုပ်လုပ်နေသော ဘုရားသခင်က ခွန်အားပေးခြင်း သမိုင်းကြောင်းနှင့်၊ ယေရုရှလင်မြို့သစ်၌ ပြီးမြောက်ပြည့်စုံမည့် ခရစ်တော်နှင့် ကိုယ်တော်၏ တိုးပွားခြင်းနှင့်စပ်လျဉ်းသည့် ကိုယ်တော်၏ ထာဝရစီမံကိန်း ပြီးမြောက်ပြည့်စုံခြင်းအတွက် ရွေးနုတ်ခံလူများကို ခွန်အားပေးခြင်းနှင့် သူတို့ကို ကိုယ်တော်နှင့် အတူတကွ ခွန်အားပေးခြင်း ခံရစေရန် ပြုပြင်လုပ်ဆောင်သော ဘုရားသခင်၏ သမိုင်းကြောင်း ဖြစ်သည်။ ဤသင်တန်းမှနေ၍ ကျွန်ုပ်တို့အားလုံးသည် ကျွန်ုပ်တို့၏အသက်ရှင်ခြင်း၊ ကျွန်ုပ်တို့၏နေ့စဉ်လျှောက်လှမ်းခြင်း၊ ကျွန်ုပ်တို့၏ကျောင်းတက်ခြင်း၊ ကျွန်ုပ်တို့၏ အလုပ်အကိုင်၊ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းတို့သည် ယနေ့ မြေကြီးပေါ် ကိုယ်တော်၏ အံ့သြဖွယ်ရာ ထူးကဲသာလွန်သော လှုပ်ရှားမှု၌ ဘုရားသခင့်သမိုင်းကြောင်း၏ အစိတ်အပိုင်းဖြစ်ရမည်ဖြစ်ကြောင်း ကျွန်ုပ်တို့သိနားလည်နိုင်မည်ဟု ကျွန်ုပ်မျှော်လင့်ပါသည်။ မှန်ကန်သင့်လျော်သည့် ခရစ်ယာန်ဖြစ်ရန်၊ ယနေ့၏ အောင်မြင်သူများမှ တစ်ဦးဖြစ်ရန်၊ သခင်ဘုရား၏ မျက်မှောက်ခေါ်သံကို အဖြေပေးရန်နှင့် ကိုယ်တော်၏ ပြန်လည်ရယူခြင်း၌ သခင်ဘုရား၏ မျက်မှောက်လိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ကောင်းသော ညီအစ်ကို ကောင်းသော ညီအစ်မဟု ခေါ်ဆိုခံရုံ၊ အသင်းတော် စည်းဝေးခြင်းများကို မှန်မှန်တက်ရုံ၊ မှန်ကန်သင့်လျော်စွာ ပြုမူတတ်ရုံ၊ လူတို့၏အမြင်၌ စုံလင်မှုရှိသည်ဟုထင်ရသော အသက်တာကို အသက်ရှင်ရုံမျှဖြင့် လုံးလုံး လုံလောက်မှုမရှိပါ။

ကျွန်ုပ်တို့သည် ကိုယ်တော်၏ သမိုင်းကြောင်း၌ ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်ကာ၊ ကိုယ်တော်၏ ချစ်သော အောင်မြင်သောသူများ၌၊ အသက်၌၊ အသက်ရှင်ခြင်း၌၊ ယနေ့ ဤမြေကြီးပေါ် ကျွန်ုပ်တို့လုပ်ဆောင်သမျှအားလုံး၌ လှုပ်ရှားခြင်း၊ ခွန်အားပေးခံရခြင်းရှိရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ခွန်အားပေးသော ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းအဖြစ် ချီတက်ရန် လိုအပ်သည်။ ကိုယ်တော်၌၊ ကိုယ်တော်နှင့်အတူ၊ ကိုယ်တော်အားဖြင့်၊ ကိုယ်တော်အတွက်။ ကျွန်ုပ်တို့သည် နိုးကြားရှင်သန်ရမည်၊ အသက်ရှင်ရမည်၊ တက်ကြွလှုပ်ရှားရမည်။ ကျွန်ုပ်တို့သည် ယနေ့၏ ယောရှုနှင့် ကာလက်များဖြစ်ကာ၊ ကျွန်ုပ်တို့သည် ကိုယ်တော်၏ပိုင်ဆိုင်ခြင်း ဖြစ်လာရန် ခရစ်တော်အတွက် ဘုရားသခင်ကတိပေးထားသော မြေကို ပိုင်ဆိုင်ရယူရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ယနေ့၏ ရှုသများဖြစ်ကာ ဘုရားသခင်၏ စီမံကိန်းထံ လှည့်ပြန်လာရမည်၊ ဧမာနွေလ၏မြေသို့ ဝင်ရောက်ရမည်၊ ယနေ့ လူတို့၏လိုအပ်ချက်ကို ဖြည့်ဆည်းပေးမည့် ခရစ်တော်ကို ကျွန်ုပ်တို့ မွေးဖွားပေးရန် ခရစ်တော်ထံသို့ မိမိတို့ကိုယ်ကို လက်ထပ်ခြင်းပြုရမည်ဖြစ်သည်။ ဤအရာသည် ယောရှု၊ တရားသူကြီးများနှင့် ရှုသစာစောင် သုံးစောင်၏ ပင်ကိုမူလ ပုံဆောင်ချက် ဖြစ်သင့်ပါသည်။ ဤသင်တန်း၏ ရလဒ်သည် ခရစ်တော်အတွက် ဘုရားသခင်ကတိပေးထားသော မြေကို ရယူခြင်းနှင့် ဘုရားနှင့်လူများတို့၏ ယနေ့ လိုအပ်ချက်ကို ဖြည့်ဆည်းမည့် သာလွန်ထူးကဲသော ခရစ်တော်ကို မွေးထုတ်ပေးခြင်း ရှိသင့်ပါသည်။

Message One

## ယောရှုထံသို့ ဘုရားသခင်၏ တိုက်တွန်းမှာကြားခြင်း၊ ကတိပေးခြင်းနှင့် ခွန်အားပေးခြင်း

ဖတ်ရန်ကျမ်း။ ။ ယောရှု၁း၁-၉

### I. ယောရှုသည် အောက်ဖော်ပြပါသွင်ပြင်များ၌ ခရစ်တော်၏ ပုံဆောင်ချက်ဖြစ်သည်။

A. ဟေဗြဲအမည် *ယောရှု* နှင့် ညီမျှသည့် ဂရိအမည်မှာ *ယေရှု* ဖြစ်ကာ (ဟေဗြဲ၄း၈။ တ၊၇း၄၅)၊ "ယေဟောဝါကယ်တင်ရှင်" သို့မဟုတ် "ယေဟောဝါ၏ ကယ်တင်ခြင်း"ဟု ဆိုလိုသည် (မ၁း၂၁။ စာရင်း၁၃း၁၆)။

1. ကျွန်ုပ်တို့၏ ခေါင်းဆောင်အဖြစ် ခရစ်တော်သည် ကျွန်ုပ်တို့၏ကယ်တင်ခြင်း ဗိုလ်မှူးအဖြစ် စစ်မှန်သော ယောရှုဖြစ်ကာ (ဟေဗြဲ၂း၁၀။ ၄း၈) ကျွန်ုပ်တို့ကို ဘုန်းတော်အထဲသို့အထဲသို့လည်းကောင်း၊ ခရစ်တော်ကို ကျွန်ုပ်တို့၏စုံလင်သော ငြိမ်သက်ခြင်းနှင့် ပြည့်ဝသော ကျေနပ်နှစ်သိမ့်ခြင်းအဖြစ် ဘုရားသခင်ကတိပေးထားသော မြေ၏ နားခိုခြင်းအထဲသို့လည်းကောင်း ဦးဆောင်ပေးသည် (၂း၁၀။ ၄း၁၁။ တရား၁၂း၉။ မ၁၁း၂၈-၃၀)။
2. ယောရှုသည် ကျေးဇူးတော်အဖြစ် ခရစ်တော်ကို ပုံဆောင်ကာ၊ မောရှေအားဖြင့် ပုံဆောင်ထားသည့် ပညတ်တရားကို အစားထိုးခဲ့သည် (ယောရှု၁း၂က။ ယော၁း၁၇)။ ပညတ်တရားပေးသူ မောရှေ သေဆုံးသွားပြီးနောက်မှ ယောရှုသည် လူများကို ကောင်းသောမြေအထဲသို့ ခေါ်ဆောင်ပေးခဲ့ခြင်းဖြစ်သည် (ယောရှု၁း၁-၄)။ သူသည် ကျွန်ုပ်တို့၏ ခေါင်းဆောင်အဖြစ် သခင်ယေရှုကို ပုံဆောင်ပြီး၊ ကျွန်ုပ်တို့၏ နားခိုခြင်း၊ ကောင်းသောမြေ၏ စစ်မှန်ခြင်းအဖြစ် ကိုယ်တော်ကိုယ်တိုင်ကို မွေ့လျော်ဝမ်းမြောက်ခြင်းအထဲသို့ ကျွန်ုပ်တို့ကို ခေါ်ဆောင်ပေးသည် (တရား၈း၇-၁၀။ ၁၂း၉။ ဖိ၁း၁၉။ ဧ၃း၈။ ကော၊ ၁း၁၂။ ၂း၆-၇။ ဟေဗြဲ၄း၈-၉။ မ၁၁း၂၈-၂၉)။

B. အာမလက်အမျိုးကို ဆန့်ကျင်စစ်တိုက်ခြင်း၌ (ထွ၁၇း၈-၁၆) အာမလက်သည် ကျဆင်းသောလူဟောင်း၏ စုစုပေါင်းအဖြစ် အသွေးအသားကို ပုံဆောင်သည်။ ယောရှုသည် ကိန်းဝပ်နေသည့်၊ တိုက်ခိုက်နေသည့်၊ အသွေးအသားကို ဆန့်ကျင်တိုက်ခိုက်၍ ၎င်းကို သေစေသောအရှင်အဖြစ် မျက်မှောက်ရှိနေသော၊ လက်တွေ့ကျသော ခရစ်တော်ကို ပုံဆောင်သည် (ရော၈း၉-၁၃။ ဂလ၅း၁၆-၁၇၊ ၂၄)။

1. အသွေးအသား၏ ရည်ရွယ်ချက်မှာ ကျွန်ုပ်တို့၏ ကောင်းသောမြေဖြစ်သည့် အရာအားလုံးပါဝင်သော ခရစ်တော်ကို အပြည့်အဝ မွေ့ လျော်ဝမ်းမြောက်ခြင်းအထဲသို့ ဝင်ရောက်ခြင်းမှ ကျွန်ုပ်တို့ကို တားဆီးရန် ဖြစ်သည်။
2. ဘုရားသခင်၏ စီမံကိန်းမှာ ကျွန်ုပ်တို့ကို အသွေးအသားမှ ဝိညာဉ်တော်သို့ လွတ်မြောက်စေကာ၊ ကျွန်ုပ်တို့သည် သုံးပါးတစ်ပါးဘုရား၏ ကြွယ်ဝစွာသော ကောင်းချီးမင်္ဂလာ၌ ပါဝင်ဆက်ဆံနိုင်စေရန် ဖြစ်သည် - ရော၇း၁၇-၈း၂။ ဂလ၃း၁၄။ ဧ၁း၃-၁၄။

C. အသက်လေးဆယ်အရွယ်၌ ယောရှုသည် ကာလက်နှင့် ပေါင်းစည်း၍ သူလျှိုတစ်ဆယ့်နှစ်ဦးမှ နှစ်ဦးအဖြစ်၊ ကိုယ်တော်၏ လူများက ကောင်းသောမြေကို ပိုင်ဆိုင်ခြင်းငှာ ဘုရားသခင်၏ စိတ်ဝင်စားမှုအတွက် ဂရုစိုက်ရန် သူတို့၏ ယုံကြည်ခြင်းအဖြစ် ဘုရားသခင်၏ နှုတ်ကပတ်စကားကို ယူဆောင်ခြင်းအားဖြင့် ယုံကြည်ခြင်းနှင့်ပြည့်ဝသော စိတ်နှလုံးရှိသူများ ဖြစ်ကြသည်။ ကန္တာရတော၌ ဘုရားသခင်၏ ရွေးနုတ်ခံများအလယ်မှ အောင်မြင်သောသူနှစ်ဦးဖြစ်သည့် ယောရှုနှင့် ကာလက်သာလျှင် ကောင်းသောမြေ၏ ဆုလာဘ်ကို လက်ခံရရှိကြသည် - စာရင်း၁၃း၃၀။ ၁၄း၆-၉၊ ၂၇-၃၀။ ရော၁၀း၁၇။ ဂလ၃း၃၊ ၅။ ဟေဗြဲ၁၁း၅-၆။ ဖိ၃း၁၃-၁၄။ ညွှန်း၊ တ၊၆း၅။

1. စာရင်းတော်ဝင် ၁၃ နှင့် ၁၄ ရှိ မှတ်တမ်းအရ အစ္စရေးလူများသည် မယုံကြည်ခြင်း၏ ဆိုးညစ်သော စိတ်နှလုံး ရှိကြသည်။ ယောရှုနှင့်ကာလက်သည် လူများကို တိုက်တွန်းခြင်းနှင့် သတိပေးခြင်းပြုကာ "ယေဟောဝါကို မပုန်ကန်ကြပါနှင့်"ဟု ပြောခဲ့ကြသည် (အငယ်၊၉)။ ဤစကားမှာ သခင်ဘုရား၌ မယုံကြည်ခြင်းသည် ကိုယ်တော်ကို ဆန့်ကျင်ပုန်ကန်ခြင်းဖြစ်ကြောင်း ညွှန်ပြနေ သည် - စာရင်း၁၃း၃၁-၃၃။ ၁၄း၁-၃၊ ၆-၁၁။ တရား၁း၂၆၊ ၃၂။

2. ကျွန်ုပ်တို့သည် ကောင်းသောမြေအဖြစ် ခရစ်တော်ကို အပြည့်အဝ ပိုင်ဆိုင်လိုလျှင်၊ သခင်ဘုရားထံ ကျွန်ုပ်တို့အား မယုံကြည်ခြင်း၏ ဆိုးညစ်သောစိတ်နှလုံးရှိခြင်းမှ ကယ်တင်ပေးရန် တောင်းလျှောက်ရမည်ဖြစ်သည်။ ထိုသို့ ခက်ထန်မာကျောသည့် စိတ်နှလုံးရှိခြင်းမှာ အသက်ရှင်သော ဘုရားသခင်ထံမှ ကျဆင်းသွားခြင်း၊ လှည့်ပြန်သွားခြင်းပင် ဖြစ်သည် - အငယ်၊ ၂၅-၂၆၊ ၂၈၊ ၃၅-၃၉။ ၉း၂၃။ တ၊၆း၅က။ ဟေဗြဲ၊၃း၇-၁၃။
3. ကျွန်ုပ်တို့၏ ခရစ်ယာန်လျှောက်လှမ်းခြင်းသည် အမြင်အားဖြင့်မဟုတ်ဘဲ၊ ယုံကြည်ခြင်းအားဖြင့် ဖြစ်သည် (၂ကော၊၅း၇)။ ထို့ကြောင့် ကျွန်ုပ်တို့၏ ယုံကြည်ခြင်းကို အစပြုသူနှင့် စုံလင်စေသောအရှင် ယေရှုထံသို့ စဉ်ဆက်မပြတ် ကြည့်မျှော်ရမည်ဖြစ်သည် (ဟေဗြဲ၊၁၂း၁-၂)။ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းသည် မိမိတို့ကိုယ်တိုင်၏အရာမဟုတ်ဘဲ၊ ကျွန်ုပ်တို့အထဲသို့ ယုံကြည်ခြင်းဒြပ်သဘာဝအဖြစ် မိမိကိုယ်တော်တိုင်ကို ထည့်သွင်းပေးကာ၊ ကျွန်ုပ်တို့အတွက် ယုံကြည်ပေးသည့် ကိုယ်တော်၏အရာဖြစ်သည် (ဂလ၊၂း၂၀။ ၂ပေ၊၁း၁)။
4. ခရစ်ယာန်တစ်ဦးအဖို့ မယုံကြည်ခြင်းမှာ အကြီးမားဆုံးသော အပြစ်ဖြစ်ကြောင်း ကျွန်ုပ်တို့သိနားလည်ရန် လိုအပ်သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မြဲမြဲကိုင်စွဲထားပြီး၊ ကိုယ်တော်၏နှုတ်ကပတ်တော်၌ ယုံကြည်မည်ဆိုလျှင် အရာအားလုံးသည် ကောင်းမွန်လျက်ရှိလိမ့်မည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့၏ခံစားချက်များဖြင့် အသက်ရှင်၍ ကျွန်ုပ်တို့၏ ယုံကြည်ခြင်းဝိညာဉ်ကို မလေ့ကျင့်ဘဲ၊ ကျွန်ုပ်တို့ထံသို့ ကိုယ်တော်၏ ပဋိညာဉ်၊ ကိုယ်တော်၏သေတမ်းစာဖြစ်သည့် ဘုရားသခင်၏နှုတ်ကပတ်တော်ရှိ ဘုရားဆိုင်ရာအကြောင်းရင်းမှန်များ၌ ယုံကြည်ရန်အလို့ငှာ သခင်ဘုရားထံ စိတ်နှလုံးလှည့်ပြန်လာခြင်း မရှိခဲ့လျှင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဆန့်ကျင် ပုန်ကန်ခြင်း၊ ဘုရားသခင်ကို ပြစ်မှားစော်ကားခြင်း၊ ကိုယ်တော်ကို လိမ်ညာသောသူဖြစ်စေခြင်းပင် ဖြစ်သည် - တရား၊၁း၂၅-၂၆။ ဟေဗြဲ၊၃း၁၂၊ ၁၆-၁၉။ ၄း၂၊ ၆။ ၁၁း၁။ ရော၊၃း၄။
5. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ခိုင်မာသောထင်မြင်ယူဆချက်များ၊ ခံစားချက်များ၊ ပတ်ဝန်းကျင်များ၏ တိမ်များအားဖြင့် ခြောက်လှန့်ခြင်း သို့မဟုတ် စိုးရိမ်ထိတ်လန့်စေခြင်း မခံသင့်ပေ။ ကျွန်ုပ်တို့သည် ပဋိညာဉ်တရားသစ်အောက်၌ အသက်ရှင်ရမည်ဖြစ်ကာ၊ မည်သည့် ကျရှုံးမှု၊ အားနည်းမှု၊ မှောက်မိုက် သို့မဟုတ် အနုတ်လက္ခဏာအရာ၌မျှ မယုံကြည်ရပါ။ ကျွန်ုပ်တို့သည် ပဋိညာဉ်ပြုခြင်း ခံရသောလူများဖြစ်ကြကာ၊ အခြေအနေမှန်သမျှကို ဖြည့်ဆည်းပေးရန် ကတိပေးထားသည့် ကျမ်းပိုဒ် ကျွန်ုပ်တို့ရှိလေသည် - က၊၉း၈-၁၇။ ဗျာ၊၄း၂-၃။ မြည်၊၃း၂၂-၂၃။ ရော၊၈း၁။ ၂ကော၊၁၂း၉။ ၂တိ၊၁း၁၀။ ၂း၁။ ယုဒ၊၂၄။ ၁ယော၊၁း၉။ ၁ကော၊၁း၉။
6. ကျွန်ုပ်တို့၏ဝိညာဉ်သည် ပဋိညာဉ်တရားသစ်၏ အမွေအားလုံး၏ စစ်မှန်ခြင်းဖြစ်သည့် ရှင်ပြန်ထမြောက်သောနျူမက်တစ်ခရစ်တော်၏ "ဘဏ်စာရင်း" ဖြစ်သည်။ အသက်၏ ဝိညာဉ်တော်တရားအားဖြင့် ဤအမွေများအားလုံးသည် ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးခြင်းနှင့် ကျွန်ုပ်တို့ထံသို့ စစ်မှန်ခြင်း ဖြစ်လာပြီဖြစ်သည်။ အသင်းတော်လူများသည် ပဋိညာဉ်အောက်တွင် ရှိသောသူများဖြစ်သောကြောင့် ကျွန်ုပ်တို့ကို "ပဋိညာဉ်တရား၏အသင်းတော်"ဟု အမှန်ပင် ခေါ်ဆိုနိုင်ပါသည် - ဟေရှာ၊၄၂း၆။ ၄၉း၈။ ရော၊၈း၂၊ ၁၀၊ ၆၊ ၁၁၊ ၁၆။ ဟေဗြဲ၊၈း၁၀။ ယော၊၁၆း၁၃။

**II. "သင့်အသက်တည်သည်ကာလပတ်လုံး သင့်ရှေ့မှာ အဘယ်သူမျှ မခံမရပ်နိုင်ရာ။ မောရှေနှင့်အတူ ငါရှိသကဲ့သို့ သင်နှင့်အတူ ငါရှိလိမ့်မည်။ ငါသည် သင့်ကို မစွန့်၊ သင့်ကို ပစ်၍မထား။ အားယူ၍ ရဲရင့်ခြင်းရှိလော့။ ဘိုးဘေးတို့အား ပေးမည်ဟု ငါကျိန်ဆိုသောပြည်ကို သင်သည် ဤလူတို့အား ဝေ၍ အမွေပေးရမည်။ သို့ဖြစ်၍ ငါ၏ကျွန်မောရှေ မှာထားသော တရားအတိုင်း ကျင့်မည်ဟု စောင့်ရှောက်ခြင်းငှာ အားယူ၍ အလွန်ရဲရင့်ခြင်း ရှိလော့၊ သွားလေရာရာ၌ အောင်မည်အကြောင်း ထိုတရားလမ်းသို့ လိုက်လော့၊ လက်ယာဘက်၊ လက်ဝဲဘက်သို့ မလွှဲနှင့်" - ယောရှု၊၁း၅-၇။**

A. ယေဟောဝါက ယောရှုအား ကိုယ်တော်သည် မောရှေနှင့်အတူ ရှိသကဲ့သို့၊ ယောရှုနှင့်အတူ ရှိလိမ့်မည်ဟူသည်မှာ ကြီးမားသောအကြောင်းအရာဖြစ်သည်။ တစ်ချိန်တွင် သခင်ဘုရားက မောရှေအား "ငါ၏မျက်မှောက်တော်သည် သင်နှင့်အတူ သွား၍ သင့်ကို နားခိုခြင်းပေးမည်" ဟုပြောခဲ့သည် (ထွ၊၃၃း၁၄)။ မောရှေသည် ဘုရားသခင်၏စိတ်နှလုံးတော်နှင့် လွန်စွာနီးကပ်၍၊

ဘုရားသခင်၏ စိတ်နှလုံးတော်အတိုင်း ဖြစ်သောသူ ဖြစ်ခြင်းကြောင့် သူသည် ဘုရားသခင်၏ မျက်မှောက်တော်ကို အပြည့်ဝဆုံးအတိုင်းအတာအထိ ရရှိခဲ့သည်။

B. ဓမ္မသစ်ကျမ်း၌ ယေရှု၏မျက်မှောက်တော်သည် ဧမာနွေလဖြစ်ပြီး၊ "ကျွန်ုပ်တို့နှင့်အတူရှိသော ဘုရားသခင်" ဟုဆိုလိုသည် (မ၊ ၁း၂၃။ ၁၈း၂၀။ ၂၈း၂၀)။ စစ်မှန်ခြင်း၏ဝိညာဉ်တော်၊ အသက်ပေးသောဝိညာဉ်တော်အဖြစ် ခရစ်တော်သည် ဧမာနွေလဖြစ်ကာ၊ ကျွန်ုပ်တို့၏ဝိညာဉ်၌ ဘုရားဆိုင်ရာသုံးပါးတစ်ပါးဖြစ်ခြင်း၏ မျက်မှောက်တော်ဖြစ်သည် (၂တိ၊၄း၂၂)။

C. ကျွန်ုပ်တို့သည် ယုံကြည်ခြင်း၏ ဝိညာဉ်ကို စဉ်ဆက်မပြတ် လေ့ကျင့်ကာ၊ ကောင်းသောမြေအားဖြင့် ပုံဆောင်ထားသည့် အရာအားလုံးပါဝင်သော ခရစ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် သန်စွမ်းခြင်းနှင့် အလွန် ရဲရင့်ခြင်းရှိရမည်၊ ယင်းမှာ လာမည့်ခေတ်နှင့် ထာဝရကာလပတ်လုံး အံ့သြဖွယ်ခရစ်တော်ကို အပြည့်အဝနှင့် ထာဝရအမွေခံခြင်း၏ မြည်းစမ်းရာအဖြစ် ယနေ့ ကျွန်ုပ်တို့ အမွေခံရာ၏ အာမခံ ဖြစ်သည် - ၂ကော၊၄း၁၃။ ဧ၊၁း၁၄၊ ၁၈။ ၂ကော၊၁း၂၂။ ၅း၅-၆က။

D. ကျွန်ုပ်တို့သည် မည်သည့်အခြေအနေအောက်၌မဆို ခရစ်တော်ကို ကြီးမားထင်ရှားရန် သခင်ဘုရားကို ကျွန်ုပ်တို့၏ ခွန်အားနှင့် ကျွန်ုပ်တို့၏ရဲရင့်ခြင်းအဖြစ် ယူဆောင်ရမည်၊ ယင်းမှာ ကိုယ်တော်ကို ထိပ်ဆုံးသော မွေ့လျော်ဝမ်းမြောက်ခြင်းဖြင့် တွေ့ကြုံခံစားခြင်းဖြစ်သည် (ဖိ၊၁း၂၀။ ၄း၁၁-၁၃)။ ကျွန်ုပ်တို့က "ယေဟောဝါသည် ငါ၏အလင်း၊ ငါ၏ကယ်တင်ခြင်း ဖြစ်တော်မူ၏။ / ငါသည် အဘယ်သူကို ကြောက်ရအံ့နည်း။ / ယေဟောဝါသည် ငါ့အသက်တာ၏ ခွန်အားဖြစ်တော်မူ၏။ / ငါသည် အဘယ်သူကို ကြောက်လန့်ရအံ့နည်း"ဟု အမြဲတမ်း ကြွေးကြော်နိုင်ပါသည် - ဆာ၊၂၇း၁။

E. သေခြင်းသည် ကျွန်ုပ်တို့အပေါ် တစ်ချိန်က အုပ်စိုးခဲ့ပြီး (ရော၊၅း၁၄)၊ ကျွန်ုပ်တို့သည် ၎င်း၏ ကျွန်ဖြစ်စေခြင်းအောက်တွင် ရှိခဲ့ကြကာ၊ သေခြင်းကို စဉ်ဆက်မပြတ် ကြောက်ရွံ့ခဲ့ကြသည်။ သခင်ဘုရားသည် မာရ်နတ်ကို ဖျက်ဆီးပြီး သေခြင်းကို ချေဖျက်ခဲ့ပြီးသည့်အလျောက် (ဟေဗြဲ၊၂း၁၄-၁၅။ ၂တိ၊၁း၁၀)၊ ယခု ကျွန်ုပ်တို့သည် သေခြင်းကို မကြောက်ရွံ့ကြတော့ဘဲ၊ ၎င်း၏ ကျွန်ခံခြင်းအောက်မှ လွတ်မြောက်ခဲ့ကြပြီဖြစ်သည်။

F. "ယေဟောဝါသည် မိမိလူတို့ကို မပယ်၊ / အမွေတော်ကို စွန့်ပစ်တော်မမူ" (ဆာ၊၉၄း၁၄)။ "သခင်ဘုရားသည် ငါ့ကို မစတော်မူသည်ဖြစ်၍၊ ငါသည် ကြောက်ရွံ့ခြင်း အလျှင်းမရှိ။ လူသည် ငါ၌ အဘယ်သို့ ပြုနိုင်မည်နည်း" (ဟေဗြဲ၊၁၃း၆)။ "ဘုရားသခင်သည် ငါတို့အတွက် ဖြစ်တော်မူလျှင်၊ အဘယ်သူသည် ငါတို့ကို ဆန့်ကျင်နိုင်မည်နည်း" (ရော၊၈း၃၁)။

G. ကျွန်ုပ်တို့သည် ဘုရားသခင်ပေးထားသော ဝိညာဉ်ကို မီးတောက်အဖြစ်သို့ တောက်လောင်စေသူများဖြစ်ရမည်၊ ယင်းမှာ ကြောက်တတ်သော ဝိညာဉ်မဟုတ်ဘဲ၊ တန်ခိုးပါသော၊ ချစ်တတ်သော၊ တည်ကြည်လေးနက်သော ဝိညာဉ်ဖြစ်သည် (၂တိ၊ ၁း၆-၇)။ ကျွန်ုပ်တို့၏ ခံစားချက်များသည် လုံးလုံး လိမ်ညာမှုသာ ဖြစ်သည်။ ကျွန်ုပ်တို့သည် ခွန်အားသန်စွမ်းကြောင်း၊ ချစ်ခြင်းမေတ္တာပြည့်ဝကြောင်း၊ ကျွန်ုပ်တို့သည် အလွန် ရှင်းလင်းကြောင်း အမြဲ ယုံကြည်ကာ၊ ကြွေးကြော်ရမည်ဖြစ်သည်။ ထိုအခါ ကျွန်ုပ်တို့သည် ကောင်းသောမြေ၏ စစ်မှန်ခြင်းအဖြစ် အရာအားလုံးပါဝင်သော ခရစ်တော်အထဲသို့ ဝင်ရောက်ကာ မွေ့လျော်ဝမ်းမြောက်ရန် "သန်စွမ်းခြင်းနှင့် ရဲရင့်ခြင်း" (ယောရှု၊၁း၆) ရှိနိုင်မည်ဖြစ်သည်။

H. ကျွန်ုပ်တို့သည် ဘုရားသခင့် ထာဝရစီမံကိန်း၏ ကောင်းကင်ဆိုင်ရာ ရူပါရုံနှင့် စပ်လျဉ်း၍ သန့်ရှင်းသောနှုတ်ကပတ်တော်မှ "လက်ယာလက်၊ လက်ဝဲလက်သို့" လမ်းမလွဲသင့်ပေ (အငယ်၊၇)၊ သို့မှသာ ကျွန်ုပ်တို့သည် "အရာရာ၌ ကိုယ်တော်ကို နှစ်သက်တော်မူစေခြင်းငှာ" သခင်ဘုရားနှင့် ထိုက်တန်စွာ လျှောက်လှမ်းခြင်းအားဖြင့် ကျွန်ုပ်တို့သွားလေရာရာ၌ အောင်မြင်ခြင်း ရှိနိုင်မည်ဖြစ်သည် (ကော၊၁း၁၀)။ ထို့ကြောင့် ကျွန်ုပ်တို့၏ ဘာသာပြန်ခြင်းရှေ့၌ ကျွန်ုပ်တို့သည် ဘုရားသခင်သာ ဖြစ်တော်မူကြောင်းနှင့် ကျွန်ုပ်တို့သည် ဘာမျှမဟုတ်ကြောင်း စဉ်ဆက်မပြတ် ယုံကြည်ခြင်းအားဖြင့် "ဘုရားသခင်ကို ကျေနပ်နှစ်သက်စေခြင်း" ရှိကြကြောင်း သက်သေခံချက်ကို ရရှိနိုင်မည်ဖြစ်သည် (ဟေဗြဲ၊၁၁း၅-၆။ က၊၅း၂၁-၂၄)။

**III. "ထိုပညတ္တိကျမ်းစာ၌ ရေးထားသမျှအတိုင်း ဧကန်အမှန် ကျင့်နိုင်မည်အကြောင်း ကျမ်းစာကို သင်တို့နှုတ်မှ မကွာစေဘဲ နေ့ညဉ့်မပြတ် ဆင်ခြင်ရွတ်ဆိုရမည်။ သို့ပြုလျှင် သင်သည် ကြီးပွား၍ အောင်မြင်လိမ့်မည်။ သင့်ကို ငါမှာထားသည်မဟုတ်လော။ အားယူ**

**၅) ရဲရင့်ခြင်းရှိလော့၊ မကြောက်နှင့်၊ စိတ်မပျက်နှင့်။ အကြောင်းမူကား သင်သွားလေရာရာ၌ သင်၏ဘုရားသခင် ယေဟောဝါသည် သင်နှင့်အတူ ရှိသည်ဟု မိန့်တော်မူ၏" - ယောရှု၊၁း၈-၉။**

A. ယောရှုသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် လွှမ်းမိုးရယူခြင်းခံရန်နှင့် နှုတ်ကပတ်တော်ကို သူ၌ လွှမ်းမိုးခြင်းရှိရန် အလိုရှိခဲ့သည် (ညွှန်း၊ ကော၊၃း၁၆)။ နှုတ်ကပတ်တော်ဖြင့် လွှမ်းမိုးရယူခြင်းနှင့် ဖြည့်ခြင်းခံရခြင်းအားဖြင့် သူသည် ကောင်းစားကြွယ်ဝကာ၊ ဘုရားသခင်ကတိပေးထားသောမြေကို ရယူခြင်း၌ အောင်မြင်မှု ရရှိခဲ့သည်။

B. ယောရှုက ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ရေးသားထားသည့်အရာအားလုံးကို သယ်ဆောင်ခြင်း၏ သော့ချက်နှင့် ဘုရားသခင်ကတိပေးထားသော မြေကို ရယူခြင်း၌ သူ၏ ကြွယ်ဝလာခြင်း၊ အောင်မြင်ခြင်း၊ ခွန်အားနှင့် ရဲရင့်ခြင်းတို့အဖို့ သော့ချက်မှာ သူသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို သူ၏နှုတ်မှ မကွာစေဘဲ၊ နေ့နေ့ညည ဆင်ခြင်ရွတ်ဆိုခြင်းအားဖြင့် ဖြစ် သည်။ *သင်၏နှုတ်* ဟူသော စကားလုံးမှာ ဆင်ခြင်ရွတ်ဆိုခြင်းသည် အဓိကအားဖြင့် ကျယ်လောင်စွာ ပြောထွက်ခြင်းဖြင့် လေ့ကျင့်လုပ်ဆောင်ခြင်းဖြစ်ကြောင်း ပြသသည်။

1. *ဆင်ခြင်ရွတ်ဆို* အတွက် ဟေဗြဲစကားလုံးမှာ အဓိပ္ပာယ်လွှန်စွာ ကြွယ်ဝသည်။ ၎င်းသည် ကိုးကွယ်ခြင်း၊ မိမိကိုယ်ကို စကားပြောဆိုခြင်း၊ ကျယ်လောင်စွာ ပြောဆိုခြင်းတို့ကို ရည်ညွှန်းသည်။ နှုတ်ကပတ်တော်ကို ဆင်ခြင်ရွတ်ဆိုခြင်းမှာ ဂရုတစိုက် ဆင်ခြင်စဉ်းစားခြင်းမှတစ်ဆင့် ၎င်းကို မြည်းစမ်းခြင်းနှင့် မွေ့လျော်ဝမ်းမြောက်ခြင်းဖြစ်သည် - ဆာ၊၁၁၉း၁၅၊ ၂၃၊ ၄၈၊ ၇၈၊ ၉၇-၁၀၀၊ ၁၄၈။ ညွှန်း၊ အငယ်၊၉-၁၁။
2. ဆုတောင်းခြင်း၊ မိမိကိုယ်ကို စကားပြောခြင်း၊ သခင်ဘုရားကို ချီးမွမ်းခြင်းတို့သည် နှုတ်ကပတ်တော်ကို ဆင်ခြင်ရွတ်ဆိုခြင်း၌ ပါဝင်ခြင်း ရှိနိုင်ပါသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဆင်ခြင်ရွတ်ဆိုခြင်းမှာ နှုတ်ကပတ်တော်ကို ကိုယ်တော်၏အသက်လေအဖြစ် မွေ့လျော်ဝမ်းမြောက်ကာ (၂တိ၊၃း၁၆)၊ ထိုသို့ဖြင့် ဘုရားသခင်နှင့် ဖြည့်သွင်းခံရခြင်း၊ ဘုရားသခင်ကို ရှူသွင်းခြင်း၊ ဝိညာဉ်ရေးရာ ကျွေးမွေးမစမှုကို ရရှိခြင်း ဖြစ်သည်။
3. နှုတ်ကပတ်တော်ကို ဆင်ခြင်ရွတ်ဆိုခြင်းမှာ နွားက မြက်ကို စားသကဲ့သို့ "စားမြုံ့ပြန်ခြင်း" ဖြစ်သည် (ဝတ်၊၁၁း၃)။ ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဆင်ခြင်ရွတ်ဆိုသောအခါ ၎င်းကို များစွာ ဆင်ခြင်စဉ်းစားခြင်းနှင့် ပြန်လည်၍ ဆင်ခြင်စဉ်းစားခြင်းဖြင့် လက်ခံရယူကြသည်။ ယင်းမှာ နွားသည် စားမြုံ့ပြန်နေသကဲ့သို့ ဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအရာကို မနက်ခင်းစောစော အချိန်၌ နှုတ်ကပတ်တော်ကို ဆုတောင်းဖတ်ခြင်းပြုစဉ် လုပ်ဆောင်နိုင်ပြီး၊ ထိုသို့ဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်တော်မှ လက်ခံရရှိခဲ့သောအရာကို ပြန်လည်ဆင်ခြင်းစဉ်းစားခြင်းအားဖြင့် ကျွေးမွေးမစမှုကို လက်ခံရရှိနိုင်မည်ဖြစ်သည်။

C. ဆာလံရေးစပ်သူက "ကိုယ်တော်၏ နည်းဥပဒေသတော်တို့ကို ဆင်ခြင်ရွတ်ဆို၍၊ / ကိုယ်တော်၏ လမ်းတို့ကို အလေးထားပါ၏။ / ကိုယ်တော်၏ စီရင်ထုံးဖွဲ့ချက်တို့၌ နှစ်လိုပါမည်။ / နှုတ်ကပတ်တော်ကို မေ့လျော့ခြင်း မပြုပါ"ဟု ပြောခဲ့သည် - ဆာ၊ ၁၁၉း၁၅-၁၆။

1. ဆာလံရေးစပ်သူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ် ဆင်ခြင်ရွတ်ဆိုသောအခါ ၎င်းသည် သူ၏ နှစ်လိုဝမ်းမြောက်ရာ၊ သူ၏ ရွှင်လန်းရာနှင့် ဝမ်းမြောက်ရာဖြစ်လာခဲ့ပြီး (ယေ၊၁၅း၁၆)၊ သူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မေ့လျော့မည် မဟုတ်တော့ပေ။ ထိုသို့ဖြင့် ၎င်းသည် သူ့အဖို့ အဆက်မပြတ်ဖြစ်သော၊ ထာဝရဖြစ်သော ကျွေးမွေးမစမှု ဖြစ်လာသည် (ဆာ၊၁၁၉း၁၀၅၊ ၁၃၀)။
2. ဘုရားသခင်၏ နှုတ်ကပတ်တော်အပေါ် ဆင်ခြင်ရွတ်ဆိုခြင်းအားဖြင့် ကျွန်ုပ်တို့သည် ကိုယ်တော်၏ နှုတ်ကပတ်တော်ကို အောက်မေ့သတိရကာ၊ ၎င်းအားဖြင့် ပြန်ရှင်သန်လာကြသည် - "အကျွန်ုပ် မျှော်လင့်စရာအကြောင်း ကိုယ်တော်၏ကျွန်၌ / ထားတော်မူသော နှုတ်ကပတ်တော်ကို အောက်မေ့တော်မူပါ။ / နှုတ်ကပတ်တော်သည် အကျွန်ုပ်ကို အသက်ရှင်စေသည် ဖြစ်၍၊ / ဆင်းရဲခြင်းကို ခံရစဉ်တွင် အကျွန်ုပ်သက်သာစရာအကြောင်း ဖြစ်ပါ၏" - အငယ်၊၄၉-၅၀။

D. နှုတ်ကပတ်တော်ကို ဆင်ခြင်ရွတ်ဆိုခြင်းသည် ဆုတောင်းဖတ်ခြင်းထက် ပို၍ ကြွယ်ဝခြင်း၊ ကျယ်ဝန်းခြင်းနှင့် ပို၍ အရာအားလုံးပါဝင်ခြင်းရှိသည်၊ အကြောင်းမှာ ၎င်း၌ ဆုတောင်းခြင်း၊ ကိုးကွယ်ခြင်း၊ မွေ့လျော်ဝမ်းမြောက်ခြင်း၊ ပျပ်ဝပ်ခြင်းနှင့် ဘုရားသခင်၏နှုတ်ကပတ်တော်ကို လက်ခံရယူခြင်းငှာ ကျွန်ုပ်တို့၏လက်ကို ချီမြှောက်ခြင်းတို့လည်း ပါဝင်သောကြောင့်ဖြစ်သည် (အငယ်၊၄၈)။ ဘုရားသခင်၏နှုတ်ကပတ်တော်သို့ ကျွန်ုပ်တို့၏လက်ကို ချီမြှောက်ခြင်းမှာ ၎င်းကို ကျွန်ုပ်တို့က နွေးထွေးစွာ နှင့် ဝမ်းမြောက်စွာ လက်ခံရယူကာ၊ ၎င်းကို အာမင်ထူးကြကြောင်း ရည်ညွှန်းနေသည် (နေ၊၈း၅-၆)။

E. ကျွန်ုပ်တို့သည် ဤနည်းလမ်း၌ ကျွန်ုပ်တို့၏ဝိညာဉ်ဖြင့် သခင်ဘုရား၏ စကားတော်ကို ထိတွေ့ကာ၊ ကိုယ်တော်နှင့် စဉ်ဆက်မပြတ်ဖြစ်သော မိတ်သဟာယ၌ တည်မြဲနေသောအခါ၊ သမ္မာကျမ်းစာရှိ နှုတ်ကပတ်စကားအားဖြင့် ရေချိုးခြင်း၊ နွေးထွေးစေခြင်း၊ လန်းဆန်းစေခြင်း၊ စိုစွတ်စေခြင်းနှင့် မစခြင်းကို ခံရသင့်ပါသည်။ ကျွန်ုပ်တို့လုပ်သင့်သည့် တစ်ခုတည်းသောအရာ၊ အကောင်းဆုံးသောအရာမှာ ကိုယ်တော်ကို ထိတွေ့ခြင်း၊ ကိုယ်တော်ကို ကိုးကွယ်ခြင်း၊ ကိုယ်တော်၌ ယုံကြည်ခြင်း၊ ကိုယ်တော်ကို စုပ်ယူခြင်း၊ ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ခြင်း၊ ကိုယ်တော်ကို ရှာဖွေဆည်းပူးခြင်း၊ ကိုယ်တော်ကို အမြတ်ရယူခြင်းပင် ဖြစ်သည် - ဆာ၊၂၇း၄။ ဖိ၊၃း၈၊ ၁၄။

F. ကျွန်ုပ်တို့သည် ဘုရားသခင်၏နှုတ်ကပတ်စကားအပေါ် ဆင်ခြင်ရွတ်ဆိုရန် အမှန်ပင် အချိန်ယူသောအခါ၊ ကျွန်ုပ်တို့သည် ဘုရားသခင်ဖြင့် ထွန်းတောက်ရန်၊ ဘုရားသခင်ကို ထွန်းလင်းစေရန် ဘုရားသခင်နှင့် ဖြည့်သွင်းပေးခြင်း ခံရကြသည် (၂ကော၊၃း၁၅-၁၈)။ ထို့ကြောင့် ကျွန်ုပ်တို့က "ဆုတောင်း၍ ယေရှုထံ ချဉ်းကပ် /ကိုယ်တော်၏ ပုံရိပ်ထင်စေ / ကောင်းမြတ်ခြင်းနှင့် ပြည့်ဝစေ၍ / ကိုယ်တော်ဘုန်း ထင်ရှားစေပါ"ဟူ၍ သီချင်းဆိုကြရခြင်းဖြစ်သည် (ဓမ္မသီချင်း ၄၁၄ အပိုဒ် ၆)။

G. ကျွန်ုပ်တို့၏သခင်နှင့် ကျွန်ုပ်တို့၏ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကိုယ်တော်အထဲသို့ ဝင်ရောက်ရန်နှင့် အရာအားလုံးပါဝင်သောမြေ၊ ကောင်းသောမြေ၏ စစ်မှန်ခြင်းအဖြစ် ကိုယ်တော်ကို မွေ့လျော်ဝမ်းမြောက်ရန် မိန့်မှာခဲ့သောကြောင့်၊ ကျွန်ုပ်တို့သည် ခွန်အားသန်စွမ်းရန်၊ ရဲရင့်ခြင်းရှိရန်နှင့် ကြောက်ရွံ့ခြင်း သို့မဟုတ် စိတ်ပျက်သွားခြင်း မရှိရန် ကိုယ်တော်၏ စကားတော်သို့ အာမင်ထူးရမည်၊ အကြောင်းမှာ ကျွန်ုပ်တို့၏ဘုရားသခင်သည် ကျွန်ုပ်တို့သွားလေရာရာ၌၊ ကျွန်ုပ်တို့သည် လူမျိုးအပေါင်းတို့ကို တပည့်ဖြစ်စေ၍၊ ဤခေတ်ကာလကုန်ဆုံးသည့်တိုင်၊ ကိုယ်တော်၏ကြွလာခြင်းအချိန်တိုင်အောင် သူတို့ကို နိုင်ငံတော်သားများဖြစ်စေခြင်းတို့၌ ကိုယ်တော်သည် ကျွန်ုပ်တို့နှင့်အတူ ရှိနေသောကြောင့် ဖြစ်သည် - ယောရှု၊၁း၉။ မ၊၂၈း၂၀။

© 2021 Living Stream Ministry